**ဖိုကိုလာရေလှုပ်ရှားမှု**

# အသက်ပေးသည့် နှုတ်တော်ထွက်စကား

ဧပြီလ ၂၀၁၈

## "သင်တို့အား ငါဧကန်အမှန်ဆိုသည်ကား ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏" (ယောဟန်၆း၄၇)

အဆိုပါစကားရပ်သည် သခင်ယေရှုးကသူ၏နောက်သို့လိုက်လျက်ရှိသောလူအုပ်ကြီးနှင့် စကားလက်ဆုံပြောဆိုမှုထဲမှ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ သူတို့သည်မုန့်အားဖြင့်သခင်ယေရှုးပြသခဲ့သော တန်ခိုးလက္ခဏာကိုမြင်တွေ့ခဲ့ကြပြီး နောက်ကိုယ်တော်ရှင်ထံမှ ရုပ်ပိုင်းဆိုင်ရာအကူအညီများ ပို၍လိုလားနေကြဟန်တူပါသည်။ သူတို့၏ လတ်တလော လိုအပ်ချက်မှအစပြု၍ သခင်ယေရှုးက သူ၏အမှုတော်မြတ်နှင့်ဆက်နွယ်ပြီး တဖြည်းဖြည်းချင်း ဆွဲဆောင်သွားပါသည်။ လူ့ဘောင်တစ်ခုလုံးအတွက်စစ်မှန်သောအသက်တာ၊ ချစ်ခြင်းမေတ္တာတည်းဟူသောဘုရားသခင်၏ ထာဝရအသက်ကိုပေးဖို့ ကိုယ်တော်ရှင်အား အဖဘုရားသခင်ကစေလွှတ်တော်မူခဲ့ခြင်းဖြစ်သည်။

ပါလက်စတိုင်းရှိလမ်းတကာတွင် သခင်ယေရှုးလျှောက်လှမ်းခဲ့စဉ်က ဆုံတွေ့ခဲ့သူတိုင်းအား ရှက်ရွံ့စိတ်မရှိစေဘဲ ၄င်းတို့ထံမှတောင်းခံလာသောစားစရာ၊ သောက်ရေ၊ ရောဂါကုသပေးမှုနှင့် ခွင့်လွှတ်ခြင်းတို့ကိုပေးရင်း ဆွဲဆောင်မှုရယူခဲ့ပါသည်။ တစ်ဘက်မှာလည်း သူဆုံတွေ့ခဲ့သမျှလူတိုင်း၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သလို အားလုံးကိုလည်း မျှော်လင့်ချက်ပေးခဲ့ပါသည်။ ထို့ကြောင့်လည်း သူ့အားနားထောင်ကြသူတို့ကိုတစ်ဆင့်တိုးပြီး တောင်းဆိုမှုပြုခဲ့သည်မှာ သူကမ်းလှမ်းလျက်ရှိသောအသက်တာကိုလက်ခံဖို့၊ ကိုယ်တော်ရှင်နှင့်ဆက်ဆံရေးတည်ဆောက်ဖို့၊ သူ့အားကိုးစားအပ်နှံလျက် ယုံကြည်ခြင်းရှိစေဖို့ဖြစ်ပါသည်။

ဤသမ္မာကျမ်းချက်အပေါ် ကယားရာလူးဘစ်သုံးသပ်ဖေါ်ပြရာတွင် *"သခင်ယေရှုးသည်လူတို့၏အလေးနက်ဆုံးစိတ်ကူးစိတ်သန်းကိုတုန့်ပြန်ထားသည်။ သူတို့သည်အသက်ရှင်ခြင်းအတွက်ဖန်ဆင်းခြင်းခံရပြီး ၄င်းအတွက် အစွမ်းရှိသမျှကြိုးစားရှာဖွေကြရသည်။ သို့သော်သူတို့၏မဟာအမှားမှာ ထိုအသက်ကိုအခြားသူများ၊ အခြားအရာများမှရှာဖွေကြခြင်းဖြစ်ပြီး ယင်းတို့ကအကန့်အသတ်ရှိပြီးကုန်ဆုံးသွားတတ်ရာ ၄င်းတို့၏စိတ်ကူးစိတ်သန်းကိုစစ်မှန်သောအဖြေမပေးနိုင်ပေ။ သခင်ယေရှုးသည်သာလျှင် သူတို့၏ဆာငတ်မှုကို ဖြည့်ဆည်းပေးနိုင်ပါသည်။ ကိုယ်တော်ရှင်သည်သာလျှင် အဆုံးမဲ့အသက်တာကိုပေးပိုင်ပြီး ကိုယ်တော်တိုင်ကအသက်ဖြစ်ပေသည်။"*

## "သင်တို့အား ငါဧကန်အမှန်ဆိုသည်ကား ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏"

ခရစ်ယာန်ယုံကြည်ခြင်းသည် အရင်းခံအားဖြင့်ဘုရားသခင်နှင့် ကိုယ်တိုင်ရင်ဆိုင်ဆုံတွေ့ခြင်း၏အသီးအပွင့်ပင်ဖြစ်ပြီး သခင်ယေရှုးသည်ကျွန်ုပ်တို့အား သူ၏အသက်တာအားမျှဝေသူများဖြစ်စေရန်မှတပါး ဘာမျှမလိုချင်ခဲ့ပါ။

သခင်ယေရှုး၌ယုံကြည်ခြင်းဆိုသည်မှာ သူပြခဲ့သောစံနမူနာအတိုင်းလိုက်လျှောက်ခြင်းဖြစ်ပြီး ယင်းကိုမိမိအတွက်သော်လည်းကောင်း၊ ကျွန်ုပ်တို့၏စိုးရိမ်ကြောင့်ကြမှုများနှင့် ကန့်သတ်မှုရှိသောအစီအစဉ်များ၌သော်လည်းကောင်း သိမ်းဆည်းမထားဘဲ အခြားသူတို့၏လိုအပ်ချက်များအပေါ် ကျွန်ုပ်တို့အလေးပေးအာရုံစိုက်ပေးဖို့ဖြစ်သည်။ သူတို့သည်

ဆင်းရဲနွမ်းပါးမှု၊ နေထိုင်မကောင်းမှု၊ ခွဲခြားပစ်ပယ်ခံရမှုတို့ကြောင့်အမှန်တကယ်လိုအပ်ကြခြင်းဖြစ်ပြီး နားထောင်ပေးဖို့၊ ကျွန်ုပ်တို့၏ဝေမျှပေးခြင်း၌ပါဝင်လာဖို့နှင့် သူတို့အားလက်ခံပေးဖို့ကနဦးလိုအပ်ပါသည်။

ဤသို့အားဖြင့် ကျွန်ုပ်တို့သက်ရှင်လိုက်လျှောက်သောအသက်တာတစ်လျှောက်တွင် ဘုရားသခင်ထံမှရရှိခဲ့သော ဆုကျေးဇူးတော်ဖြင့် အခြားသူများအားပြန်လည်မျှဝေကြရမည်ဖြစ်သည်။ ကိုယ်တော်ရှင်ကလည်း ကျွန်ုပ်တို့၏ခရီးလမ်းတွင်ခွန်အားဖြစ်စေဖို့ ကိုယ်တော်မြတ်မုန့်တည်းဟူသောဆုကျေးဇူးကိုပေးထားပါသည်။ ကိုယ်တော်မြတ်မုန့်သည် အခြားသူများအား ရှင်သန်ရပ်တည်စေသောအစွမ်းကိုပေးသည့် မိမိကိုယ်ကိုပေးဆက်သည့်ချစ်ခြင်းမေတ္တာ၏ အမှတ်လက္ခဏာပင်ဖြစ်ပါသည်။

**“သင်တို့အား ငါကေန်အမှန်ဆိုသည်ကား ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏”**

မကြာခဏဆိုသလို နေ့အခါတွင်ကျွန်ုပ်တို့၏ယုံကြည်မှုကို မိမိပတ်ဝန်းကျင်ရှိလူတို့အပေါ်ထားတတ်ကြသည်။ ကျွန်ုပ်တို့၏ကလေးများကို စာသင်ပေးသောဆရာဆရာမများ၊ ကျွန်ုပ်တို့လိုရာခရီးကိုပို့ဆောင်ပေးသော တက္ကစီမောင်းသမား၊ ကျွန်ုပ်တို့ကိုကုသပေးသောဆရာဝန် စသည်ဖြင့်ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ယုံကြည်မှုမရှိဘဲနေ၍မရပါ၊ ထိုယုံကြည်မှုက တစ်ဦးကိုတစ်ဦးသိလာခြင်းဖြင့်လည်းကောင်း၊ ရင်းနှီးမှုအားဖြင့်လည်းကောင်း၊ ကာလရှည်ကြာလေးနက်သောပေါင်းသင်းဆက်ဆံမှုကြောင့်လည်းကောင်း ပိုမိုခိုင်မြဲလာစေပါသည်။

ယခုလအတွက်အသက်ပေးသည့်နှုတ်တော်ထွက်စကားကို ကျွန်ုပ်တို့အနေဖြင့် မည်သို့လိုက်လျှောက်ကြမည်နည်း။

ကယားရာ၏သုံးသပ်ဖော်ပြချက်၌ ဆက်လက်ဖော်ပြထားရာတွင် သခင်ယေရှုအား အပြည့်အဝရွေးချယ်မှုကို ကျွန်ုပ်တို့တစ်ဖန်ပြန်လည်ပြုကြဖို့ ဖိတ်ခေါ်ထားပါသည်။ *ကျွန်ုပ်တို့သည်ဤအမှုအရာကို တက်ကြွလန်းဆန်းသောစိတ်ပိုင်းဖြတ်မှုနှင့်အတူ မည်သို့လက်တွေ့ကျင့်ကြံရမည်ကိုသိထားပြီးဖြစ်ပါသည်။ ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်က အသက်တာ၏အခြေအနေအမျိုးမျိုးအတွက်သတိပေးနေပါသည်။ ဥပမာအားဖြင့်နီးစပ်သောသူတစ်ဦးနှင့်ဆုံတွေ့ပါသလား၊ “သင်နှင့်နီးစပ်သောသူကိုသင့်ကိုယ်သင်ချစ်သကဲ့သို့ချစ်လော့၊”(မာတေဦး၂၂း၃၉)။ ကျွန်ုပ်တို့ဝေဒနာခံစားနေရပါသလား၊ “ငါ့နောက်သို့လိုက်လိုသောသူသည် မိမိကိုယ်ကိုငြင်းပယ်၍ မိမိ၏လက်ဝါးကပ်တိုင်ကိုထမ်းကာ ငါ့နောက်သို့လိုက်စေ၊” (မာတေဦး ၁၆း၂၄)။ စသည်ဖြင့်ဖော်ပြပါသည်။ ထို့နောက်သခင်ယေရှု၏ နှုတ်ကပတ်တော်များက အလင်းပေးပြီး ကိုယ်တော်ရှင်သည်သူ၏သမ္မာတရား၊ သူ၏ခွန်အား၊ သူ၏ချစ်ခြင်းမေတ္တာတော်အားဖြင့် ကျွန်ုပ်တို့အတွင်းသို့ကြွလာပေလိမ့်မည်။ ကျွန်ုပ်တို့၏အသက်တာသည် ကိုယ်တော်ရှင်နှင့်အတူ ပေါင်းစပ်သောအသက်တာဖြစ်လာလိမ့်မည်၊ အရာရာတိုင်းကို ကိုယ်တော်ရှင်နှင့်အတူ ပို၍ပို၍လုပ်ဆောင်လာပေလိမ့်မည်။ ကျွန်ုပ်တို့ကိုစောင့်ဆိုင်းလျက်ရှိသော ရုပ်ခန္ဓာသေဆုံးခြင်းကိုပင် မကြောက်ရွံ့တော့ပေ၊ အကြောင်းမှာ သခင်ယေရှုနှင့်အတူရှိသော စစ်မှန်သည့်အသက်တာသည် ကျွန်ုပ်တို့တွင်အစပြုတည်ရှိနေပြီဖြစ်ပြီးယင်းက ထာဝရမဆုံးနိုင်သောအသက်တာဖြစ်သောကြောင့်တည်း။*

Letizia Magri